# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၀၆

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၆၀ တွင် ချမှတ်သည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု။

ဒေါ်ဇာနည်ယုလှဲ့အောင်(ခ)ဒေါ်ဇာဏီဝင်း နှင့် ဒေါ်ဥမ္မာတင်

**အယူခံတရားလို** **အယူခံတရားပြိုင်**

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးနေမျိုးဝင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ကိုယ်တိုင်(မလာ) |

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၆၀ တွင် ဒေါ်ဇာနည်ယုလှဲ့အောင်(ခ)ဒေါ်ဇာဏီဝင်း က ဒေါ်ဥမ္မာတင် အပေါ် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ တွင် ပူးပေါင်းလိမ်လည်ရယူထားသောထုံးပုံကျအမိန့်အား ပယ်ဖျက်ပေးစေလိုမှုစွဲဆိုခဲ့ရာ တရားလို၏အဆိုလွှာအားစရိတ်နှင့်တကွပလပ်ကြောင်းချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအပေါ် ဒေါ်ဇာနည်ယုလှဲ့အောင်(ခ) ဒေါ်ဇာဏီဝင်း က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် မှတ်ပုံတင်ထားသောသိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး ကုမ္ပဏီ၏မှတ်ပုံတင်လိပ်စာမှာ ရန်ကုန်မြို့၊ Summit Parkview Hotel ဖြစ်ပြီး နောက်ပိုင်းတွင် ရုံးခန်းကိုအမှတ် ၁၈၊ အေ/၂၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ် သို့ပြောင်းရွှေ့ပါကြောင်း၊ ကုမ္ပဏီ၏လုပ်ငန်းမှာအိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ကုန်ပစ္စည်းနှင့် ကိရိယာတန်ဆာပလာအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများအား လက်လီလက်ကားကူသန်းရောင်းဝယ် ရေးလုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးပြီး ဗဟန်းမြို့နယ်တရားရုံးတွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ဇ) အရ တရားစွဲဆိုတင်ပို့ရာ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင်မှအချုပ်လွှတ်ထုချေခွင့်ရခဲ့ကြောင်း၊ ထိုသို့ချုပ်နှောင်ခံရသည်ကိုအခွင့်ကောင်းယူ၍ တရားလိုက ၃၁-၃-၂၀၁၀ နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ ဖြင့် တရားလိုအား တရားစွဲဆိုရာကုမ္ပဏီ၏လိပ်စာမဟုတ်

သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်လိပ်စာဖြင့် တရားလိုထံ အကြောင်းကြားစာမရောက်အောင်မဟုတ်မမှန်ဖော်ပြ၍ ကုမ္ပဏီအားတရားရုံး၏အမိန့်အရ ဖျက်သိမ်းပေးရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အရ လျှောက်ထားခဲ့ကြောင်း၊ ယင်းလျှောက်လွှာတွင် တရားပြိုင်က ယင်းကုမ္ပဏီ၏အစုရှယ်ယာဝင်ဖြစ်ကြောင်းနှင့်စာမှတ်စာတမ်းတို့ကို မသမာသူတို့နှင့်ပူးပေါင်းပြီး လိမ်လည်၍တရားရုံးသို့သက်သေခံအဖြစ်တင်ပြကာ တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်ထုံးပုံကျအပြီးသတ်အမိန့်ရယူသွားကြောင်း၊ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား တရားရုံး၏အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းပြီးကြောင်းကို ၇-၁၀-၂၀၁၁ နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ တွင် ဦးဝင်းနိုင်၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ကြော်ငြာကိုမြင်တွေ့ရသည့်အခါမှ သိရှိသဖြင့် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုဖော်ပြထားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အရ ဖျက်သိမ်းမည့်အကြောင်း ၁၇-၅-၂၀၁၀ နေ့ထုတ်ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ကြောင်း၊ ကုမ္ပဏီ၏အမှန်လိပ်စာမဟုတ်ဘဲ လျှောက်ထားခြင်းဖြင့် လိမ်လည်ရယူခဲ့သည်ဟုဆိုနိုင်မည်မဟုတ်ကြောင်း၊ တရားလိုအချုပ်လွတ်ထုချေခွင့်ရသည့်ဆိုသောအချိန်တွင် တရားပြိုင်စွဲဆိုသောတရားမအထွေထွေမှုအမှတ် ၁၂၂/၂၀၁၀ အမှုမှာ စစ်ဆေးနေဆဲအချိန်ဖြစ်ကြောင်း၊ တရားလိုအချုပ်ကျစဉ်ကာလအတောအတွင်းတွင်လည်း ၎င်း၏မိသားစုမှကိုယ်စားလျှောက်ထားဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ ထိုအမှုတွင် တရားလိုကမိမိထုချေလိုသည့်အချက်များကို ထုချေခွင့်၊ တင်ပြခွင့်မရခဲ့ခြင်းမျိုးနှင့်လိမ်လည်မှုသည် အဆုံးအဖြတ်ပေးခဲ့သည့်အမှု၏ပြင်ပတွင်ပေါ်ပေါက်ခဲ့သောကိစ္စဖြစ်ကြောင်း အမှုတွင် ပေါ်ပေါက်ခြင်းမရှိသဖြင့် ရန်ကုန်တိုင်းတရားရုံး၏ ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ တွင် ချမှတ်သည့်အမိန့်မှာ ပူးပေါင်းလိမ်လည်ရယူသည်ဟု မဆိုနိုင်၍ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်ထားခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက သိမ်းငှက်ကမ္ဘာကုမ္ပဏီမှတ်ပုံတင်လိပ်စာမှ ရုံးခန်းပြောင်းရွှေ့ခြင်းကို ၂၆-၇-၂၀၀၇ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင်ကြော်ငြာသည်ကို ကုမ္ပဏီမှပစ္စည်းများဖြန့်ဖြူးသူအယူခံတရားပြိုင်သိရှိသော်လည်း၊ ရန်ကုန်တိုင်းတရားရုံး၏ ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ တွင် အခြားလိပ်စာဖြင့် တစ်ဖက်သတ်ဒီကရီရရှိရန်မမှန်မကန်လိမ်လည် တင်ပြခဲ့ကြောင်း၊ အယူခံတရားလိုအား ဖမ်းဆီးချုပ်နှောင်ထားသည်ကိုသိရှိကြောင်း၊ မူလမှုချေလွှာအပိုဒ် (၃) တွင် အယူခံတရားပြိုင်မှ တင်ပြထားကြောင်း၊ အယူခံတရားပြိုင်သည် အစုရှယ်ယာဝင်များမဟုတ်ပါဘဲ အစုရှယ်ယာဝင်များဟု ကျန်သက်သေများနှင့်ပူးပေါင်းလိမ်လည်၍ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် တစ်ဖက်သတ်ဒီကရီရယူဆောင်ရွက်ခဲ့ကြောင်း၊ အမှုတွင်တရားလိုက မိမိထုချေလိုသည့်အချက်များ ထုချေခွင့်၊ တင်ပြခွင့်မရခဲ့ခြင်းနှင့် ထိုလိမ်လည်မှုသည် အဆုံးအဖြတ်ပေးခဲ့သည့်အမှု၏ပြင်ပတွင် ပေါ်ပေါက်ခဲ့သောကိစ္စဟု အမှုတွင် ပေါ်ပေါက်ခြင်းမရှိကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏ သုံးသပ်ချက်များမှာ ပေါ်ပေါက်သောသက်သေခံချက်များအရ မှန်ကန်မှုမရှိကြောင်း၊ တိုင်းဒေသကြီတရားလွှတ်တော်က ချမှတ်ခဲ့သောအမိန့်ကို ပယ်ဖျက်၍ ယခင်ရန်ကုန်တိုင်းတရားရုံး၊ ၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၂ ၏ တစ်ဖက်သတ်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။

အယူခံတရားပြိုင်ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ရှေ့နေသော်လည်းကောင်း လာရောက်လျှောက်လဲတင်ပြခြင်းမရှိကြောင်း တွေ့ရသည်။

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ တွင်ချမှတ်သည့် အမိန့်မှာ လိမ်လည်လှည့်ဖြားရယူထားသော ထုံးပုံကျအမိန့်ဖြစ်ကြောင်း အောက်ပါအကြောင်းများ ဖော်ပြလျက် တရားစွဲဆိုသည်-

(၁) တရားလိုသည် ဗဟန်းမြို့နယ်တရားရုံးတွင် အရေးပေါ်စီမံမှုဥပဒေပုဒ်မ ၅(ဇ) အရ ချုပ်နှောင်ခံနေရသည်ကို တရားပြိုင်က အခွင့်ကောင်းယူပြီး သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက် ( FALCON GLOBAL COMPANY LIMITED ) ၏ လိပ်စာလုံးဝမဟုတ်သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု တရားလိုထံအကြောင်းကြားစာ မရောက်ရလေအောင် တမင်မဟုတ်မမှန်ဖော်ပြလျက် ကုမ္ပဏီအားတရားရုံး၏အမိန့်အရ ဖျက်သိမ်းရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အရ လျှောက်ထားခဲ့ခြင်း၊

(၂) တရားပြိုင်က မိမိသည်သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ အစုရှယ်ယာဝင်ဖြစ်သည်ဟုလည်းကောင်း၊ စာမှတ်စာတမ်းများကို မသမာသူများနှင့် ပူးပေါင်းပြီး တရားရုံးသို့ သက်သေခံတင်ပြခြင်း၊ ပစ္စည်းဝယ်ယူဖြန့်ဖြူးသူတို့နှင့် ပူးပေါင်းပြီး ကုမ္ပဏီ၏အစုဝင်များမဟုတ်ကြပါဘဲ အစုဝင်များဖြစ်ကြသည်ဟု လိမ်လည်၍ မမှန်ကန်သောလိပ်စာဖြင့်ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားခြင်းဖြင့် တရားရုံးအမိန့်ကိုရယူခြင်း၊

ဒီကရီတစ်ရပ်ကိုလိမ်လည်လှည့်ဖြား၍ ရယူခဲ့သော ဒီကရီဖြစ်ခြင်းကြောင့် ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရရန်မှာ ယခင်အမှုတွင် တရားလို၏လိမ်လည်လှည့်ဖြားခြင်းကြောင့် ထိုအမှုတွင် တရားပြိုင်က မိမိထုချေလိုသောအချက်ကိုတင်ပြခွင့်မရခဲ့ခြင်း၊ ထိုလိမ်လည်မှုသည် အဆုံးအဖြတ်ပေးခဲ့သည့် အမှု၏ပြင်ပတွင်ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်ခြင်းစသည့်အချက်တို့အပေါ် အခြေပြုစွဲဆိုရသည်၊ ဆုံးဖြတ်ပြီးသည့် အမှုတွင် မမှန်မကန်တင်ပြခြင်း၊ ထွက်ဆိုချက်ပေးခဲ့ခြင်းစသည့်အမှုအတွင်းကိစ္စဖြစ်သည့် လိမ်လည်မှုမျိုးကို အကြောင်းပြု၍စွဲဆိုခွင့်မရှိပေ။ ဤသဘောတရားကို **ကိုပု ပါ - ၂ နှင့် ဒေါ်သန်းသန်း ပါ ၆ အမှု** [၁] တွင် ထုံးဖွဲ့လမ်းညွှန်ထားသည်။

တရားပြိုင်အား ရုံးခေါ်စာချအပ်ခြင်းမရှိဘဲ ချအပ်ပြီးလေဟန်လိမ်လည်ဖန်တီးပြီး တစ်ဖက်သတ်ဒီကရီရယူခဲ့သည့်အမှုတွင် ထိုသို့လိမ်လည်ခဲ့ခြင်းကြောင့် တရားပြိုင်သည် ယင်းအမှုတွင် မိမိထုချေလိုသောအချက်ကိုတင်ပြခွင့်မရခဲ့ပေ။ ထိုလိမ်လည်မှုမျိုးသည် အဆုံးအဖြတ်ပေးခဲ့သည့်အမှု၏ ပြင်ပတွင်ပေါ်ပေါက်ခဲ့သောကိစ္စဖြစ်၍ ထိုအချက်ကို အကြောင်းပြုပြီး ချမှတ်သောဒီကရီကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရှိသည်။

---

၁။ ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၁

အမှုတွင် သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၆၂ အရ ဖျက်သိမ်းမည့်အကြောင်း ၁၇-၅-၂၀၁၀ နေ့ထုတ်ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ပြီး ကန့်ကွက်သူတစ်ဦးတစ်ယောက်မှလာရောက်ခြင်းမရှိသဖြင့် အမှုကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

ကုမ္ပဏီမှတ်ပုံတင်လိပ်စာမှာ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ Summit Parkview Hotel အခန်း ၂၄၀-၂၄၃ ဖြစ်ပြီး၊ နောက်ပိုင်းတွင် အမှတ် ၁၈၊ အေ/၂၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ပြောင်းရွှေ့ကြောင်း၊ ၂၆-၇-၂၀၀၇ နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ပါလျက်ကုမ္ပဏီ၏လိပ်စာမဟုတ်သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်လိပ်စာဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရန်လျှောက်ထားခြင်းမှာ တမင်လိမ်လည်ဖန်တီးကြောင်း၊ ထိုသို့ လိမ်လည်ခြင်းကြောင့် တရားလိုက မိမိထုချေလိုသောအချက်ကိုတင်ပြခွင့်မရကြောင်း အကြောင်းပြခဲ့သည်။

ဤအမှုတွင် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းပေးရန်ကိစ္စကို ကန့်ကွက်လိုသူများရှိက ကန့်ကွက်နိုင်ရန် မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ် ၃၂ အရ နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ပြီး ကုမ္ပဏီအမည်၊ အုပ်ချုပ်မှုဒါရိုက်တာအမည်များကို အတိအလင်းဖော်ပြကြေညာခဲ့ကြောင်း တွေ့ရသည်။ လိပ်စာမှာ လျှောက်ထားသူက ငွေပေးသွင်းသောကုမ္ပဏီရုံးခန်းတည်ရာကို ဖော်ပြကြောင်း သက်သေခံချက်များတင်ပြထားသည်ကိုတွေ့ရသည်။

ကုမ္ပဏီတည်ရာ လွဲမှားသည်ဆိုရုံမျှဖြင့် တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီအမည်၊ အုပ်ချုပ်မှုဒါရိုက်တာအမည် မှားယွင်းနိုင်ရန်အကြောင်းမရှိနိုင်သဖြင့် တရားလိုကအမှုတွင် ထုချေတင်ပြခွင့်မရခဲ့ကြောင်းအကြောင်းပြချက်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ပြင် တရားလိုအချုပ်ကျခံနေရသည်ကိုအခွင့်ကောင်းယူ၍ တရားပြိုင်က အမှုစွဲဆိုခြင်းကြောင့် တရားလိုတွင် ခုခံချေပခွင့်မရကြောင်းတင်ပြသည်။

သက်သေခံ(ဃ) အဖြစ်တင်ပြထားသည့် သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏အသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများအပိုဒ် ၁၄၊ အပိုဒ်ခွဲ (၉) ၌ ကုမ္ပဏီ၏အရေးအရာများနှင့်စပ်လျဉ်း၍ ကုမ္ပဏီကပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရစွဲဆိုဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့ပြင် × × × × ဟု ဒါရိုက်တာများ၏လုပ်ပိုင်ခွင့်နှင့်တာဝန်များသတ်မှတ်ထားကြောင်း တွေ့ရသည်။

ထို့ကြောင့် ကုမ္ပဏီအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားမှုတွင် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဇာနည်ယုလှဲ့အောင်(ခ) ဒေါ်ဇာဏီဝင်း အချုပ်ကျခံနေစဉ် ဒါရိုက်တာများအနေဖြင့် အဆိုပါလျှောက်ထားမှုတွင် ခုခံချေပနိုင်ရန် အခွင့်အာဏာရှိပါလျက် လာရောက်ချေပ ကန့်ကွက်ခဲ့ကြောင်း အမှုတွင် မပေါ်ပေါက်ခဲ့ပေ။

သို့ဖြစ်ရာ တရားလိုကခုခံချေပခွင့်မရအောင် အမှန်မဟုတ်သော လိပ်စာဖြင့်လိမ်လည်ဖော်ပြ၍ ဒီကရီကို မမှန်မကန်လိမ်လည်ရယူခဲ့ကြောင်း တင်ပြချက်မှာ မှန်ကန်ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံချက်များမမှန်မကန်တင်ပြကာ ဒီကရီရယူခဲ့သည်ဟုဆိုကာ ဒီကရီကို ပယ်ဖျက်ပေးရန် စွဲဆိုခွင့်မရှိကြောင်း၊ **ရန်ကုန်၊ အတွဲ ၅၊ စာ ၄၆ နှင့် ၄၇၀** တို့တွင် တညီတညွတ်တည်းပြဆိုထားသည်။

တရားလိုက ပယ်ဖျက်ပေးထိုက်ကြောင်း အကြောင်းပြချက်များအဖြစ် အထက်အပိုဒ် (၂) ပါ အမှုတွင် မမှန်မကန်သက်သေခံချက်များတင်ပြသည်ဆိုသော အချက်များမှာအဆုံးအဖြတ်ပေးခဲ့သည့် အမှု၏ပြင်ပတွင်ပေါ်ပေါက်ခဲ့သောကိစ္စများမဟုတ်သဖြင့် ထိုအချက်များအရ ဒီကရီကို ပယ်ဖျက်ပေးထိုက်မည်မဟုတ်ပေ။

ထို့ကြောင့် အယူခံတရားလိုတင်ပြသော အချက်များအပေါ် အခြေခံကာ ဒေါ်ဥမ္မာတင် က ကုမ္ပဏီအားတရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန်လျှောက်ထားမှုကို ခွင့်ပြုသည့်အမိန့်အားဖျက်သိမ်းပေးရန် အကြောင်း မတွေ့ရပေ။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ရန်ကုန်တိုင်းတရားရုံး၊ ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၂ တွင် ၃၁-၁-၂၀၁၁ ရက်နေ့က ချမှတ်သောအမိန့်ကို ပူးပေါင်းလိမ်လည်ရယူသည်မှာ မမှန်ကြောင်း ဖြေဆို၍ အဆိုလွှာအား စရိတ်နှင့်တကွပလပ်ကြောင်း ချမှတ်သည့်အမိန့်မှာ မှားယွင်းခြင်းမရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(ခင်မောင်ကြည်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး